Panasonic®

# လည်ပတ်မှု ညွှန်ကြားချက်များ

## ဖုန်စုပ်စက် (အိမ်သုံး)



MC-CL609
MC-CL607
MC-CL605



MC-CL603
MC-CL601

Model No. MC -CL609 MC -CL603
MC -CL607 MC -CL601
MC -CL605


အသုံးမပြုမီ

အသုံးပြုသူအတွက် အရေးကြီးသော ဘေးကင်းလုံခြုံရေး ညွှန်ကြားချက်များ ..... 2

စက်ပစ္စည်း ဆက်စပ်ပစ္စည်းများ ..... 5

အစိတ်အပိုင်းများ ခွဲခြားဖော်ပြခြင်း ..... 6

လည်ပတ်ရန် ညွှန်ကြားချက်

စက်ပစ္စည်း အသုံးပြုပုံ ..... 12

စက်ပစ္စည်း သိမ်းဆည်းပုံ ..... 13

ဖုန်မှုန့်ဘူးကို သန့်ရှင်းရေးပြုလုပ်ပုံ ..... 14

လိုအပ်ချက်များရှိသည့်အခါ

ပြုပြင်ထိန်းသိမ်းခြင်း ..... 17

ဝန်ဆောင်မှုကို ခေါ်ယူခြင်း မပြုမီ ..... 21

အသေးစိတ်အချက်အလက်များ ..... 24


Panasonic ထုတ်ကုန်ပစ္စည်းကို ဝယ်ယူအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ အသုံးမပြုမီ စက်ပစ္စည်းကို စနစ်တကျ အသုံးပြုနိုင်ရန်နှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ဤလည်ပတ်မှု ညွှန်ကြားချက်များကို ပြီးဆုံးအောင် ဖတ်ရှုပါ။ ဤလည်ပတ်မှု ညွှန်ကြားချက်များကို ဖတ်ရှုပြီးပါက ၄င်းကို လုံခြုံစွာ သိမ်းဆည်းထားပါ။

# အသုံးပြုသူအတွက် အရေးကြီးသော ဘေးကင်းလုံခြုံရေး ညွှန်ကြားချက်များ

ဤစက်ပစ္စည်းအား အသုံးပြုသူ သို့မဟုတ် အနီးနားရှိသူများကို ဘေးအန္တရာယ်ဖြစ်စေခြင်းနှင့် စက်ပစ္စည်း ပျက်စီးခြင်းမှ ကာကွယ်ရန် အောက်ဖော်ပြပါ ဘေးကင်းလုံခြုံရေး ကြိုတင်ကာကွယ်မှုများကို လိုက်နာပါ။

- ကြိုတင်ကာကွယ်မှုများအတွက် အောက်ပါအသုံးအနှုန်းများကို အသုံးပြုထားသည်။ ဤစက်ပစ္စည်းကို အသုံးပြုသည့်အခါ ဖော်ပြထားသော အကြောင်းအရာများကို လိုက်နာရန် ပျက်ကွက်သဖြင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ဖြစ်ပွားမှု သို့မဟုတ် ပျက်စီးမှု အတိုင်းအတာပေါ် မူတည်ပြီးခွဲခြားဖော်ပြထားသည်။

## သတိပေးချက်

ဤအသုံးအနှုန်းသည် စက်ပစ္စည်းကို မှန်ကန်စွာ အသုံးမပြုသည့်အတွက် အသက်သေဆုံးခြင်း သို့မဟုတ် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခြင်း ဖြစ်ပေါ်လာနိုင်သည်ကို သတိပေးပါသည်။

- ■ စက်ပစ္စည်းကို ပလပ်ပေါက်တွင် ထိုးထားပြီး ပစ်မထားပါနှင့်။ စက်ပစ္စည်းကို သန့်ရှင်းခြင်း သို့မဟုတ် ပြုပြင်ခြင်း မပြုလုပ်မီ ပလပ်ပေါက်မှ ပလတ်ဖြုတ်ထားပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။
- ■ ဤစက်ပစ္စည်းကို (ကလေးငယ်များအပါအဝင်) ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်း အားနည်းသောသူများ သို့မဟုတ် အတွေ့အကြုံနှင့် အသုံးပြုပုံ မသိရှိသေးသော သူများ၏ ဘေးကင်းမှုအတွက် တာဝန်ရှိသူတစ်ဦးမှ ညွှန်ကြားချက် သို့မဟုတ် ကြီးကြပ်ပေးမှုမပါဘဲ အသုံးမပြုပါစေနှင့်။ ကလေးငယ်များသည် စက်ပစ္စည်းကို ဆော့ကစားခြင်း မပြုမိစေရန် ကြီးကြပ်ပေးရမည်။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ကျွမ်းခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်စေနိုင်သည်။
- ■ ပါဝါကြိုး သို့မဟုတ် ပလတ်သည် ပျက်စီးနေလျှင် စက်ပစ္စည်းကို အသုံးမပြုပါနှင့်။ စက်ပစ္စည်းသည် ကောင်းစွာ မလည်ပတ်တော့ခြင်း၊ လွတ်ကျခြင်း၊ ပျက်စီးခြင်း၊ အိမ်ပြင်တွင် ထားရှိခြင်း သို့မဟုတ် ရေနှင့် ထိမိခြင်းတို့ ဖြစ်ပါက တရားဝင် ဝန်ဆောင်မှုစင်တာကို ဆက်သွယ်မေးမြန်းပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်ပေါ်စေနိုင်သည်။
- ■ ပါဝါကြိုး ပျက်စီးနေပါက ဘေးအန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ရန် ယင်းကို ထုပ်လုပ်သူ၊ ဝန်ဆောင်မှု ကိုယ်စားလှယ် သို့မဟုတ် အရည်အသွေးပြည့်မီသော အလားတူ ပစ္စည်းဖြင့်သာ အစားထိုး လဲလှယ်ရမည်။
- ■ ပါဝါကြိုးကို ကိုင်ပြီး ဆွဲခြင်း၊ သယ်ဆောင်သွားခြင်း၊ လက်ကိုင်အဖြစ် အသုံးပြုခြင်း မပြုလုပ်ရ။ တံခါးပိတ်သည့်အခါ ပါဝါကြိုးကို မညှပ်မိစေနှင့်။ ပါဝါကြိုးကို ချွန်ထက်သော အစွန်းထောင့်နေရာများတွင် ချိတ်ဆွဲထားခြင်း မပြုလုပ်ရ။ စက်ပစ္စည်းကို ပါဝါကြိုးပေါ်တွင် လည်ပတ်ခြင်း မပြုလုပ်ရ။ ပါဝါကြိုးကို ပူနေသော မျက်နှာပြင်များနှင့် အဝေးတွင် ထားပါ။ ထိုသို့မပြုလုပ်လျှင် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ စက်ပစ္စည်းကို လည်ပတ်ခြင်းမပြုမီ ပလပ်ကို ပလပ်ပေါက်ထဲတွင် ခိုင်မာစွာ တပ်ဆင်ထားပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ ပလပ်ကို ပုံမှန်သန့်ရှင်းပေးပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ မှုမမှန်သည့် အခြေအနေများနှင့် စက်ယိုယွင်းပျက်စီးသည့်အခါ ပလတ်ဖြုတ်ပြီး အသုံးပြုခြင်းကို ချက်ချင်းရပ်တန့်ပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ ရေစိုလက်များဖြင့် ပလတ်နှင့် စက်ပစ္စည်းကို ကိုင်တွယ်ခြင်း မပြုလုပ်ရ။ ထိုသို့ပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ဖြစ်စေနိုင်သည်။
- ■ လေဝင်ပေါက်များထဲသို့ ဝတ္ထုပစ္စည်းများ မထည့်ရ။ အပေါက်သည် ပိတ်ဆို့နေလျှင် စက်ပစ္စည်းကို အသုံးမပြုပါနှင့်။ လေစုပ်အားကို ပိတ်ဆို့နိုင်သော သို့မဟုတ် လျော့နည်းစေနိုင်သော ဖုန်မှုန့်၊ ချည်စ၊ ဆံပင်နှင့် အခြားအရာများကို ရှင်းပေးပါ။
- ■ ဆံပင်၊ လျော့ရဲနေသော အဝတ်၊ လက်ချောင်းများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လေဝင်ပေါက်များနှင့် ရွေ့လျားနေသော အစိတ်အပိုင်းများနှင့် အဝေးတွင် ထားပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ဖြစ်စေနိုင်သည်။
- ■ ဖုန်စစ်နှင့် ဖုန်မှုန့်ဘူး မပါဘဲ စက်ပစ္စည်းကို အသုံးမပြုပါနှင့်။ ထိုသို့ပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ ပလတ်မဖြုတ်မီ စက်ပစ္စည်းကို ဦးစွာ ပိတ်ပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ဖြစ်စေနိုင်သည်။
- ■ အနီးအနားတွင် အသုံးပြုရန် ရှိနေသည့် မီးလောင်လွယ်သော ဝတ္ထုပစ္စည်းများနှင့် အခြားသောအရာများကို စက်ပစ္စည်းဖြင့် စုပ်ယူခြင်း မပြုလုပ်ရ။ ထိုသို့ပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ ဤစက်ပစ္စည်းကို တရားဝင် ဝန်ဆောင်မှုစင်တာတွင်သာ ပြုပြင်ရမည်ဖြစ်ပြီး မူရင်း အပိုပစ္စည်းများကိုသာ အစားထိုးအသုံးပြုရမည် ဖြစ်သည်။ ထိုသို့မပြုလုပ်လျှင် မီးလောင်ကျွမ်းခြင်း သို့မဟုတ် မှုမမှန်သော လည်ပတ်မှုကို ဖြစ်စေနိုင်သည်။
- ■ စက်ပစ္စည်းကို သတ်မှတ်ထားသော ဗို့အား အခြေအနေများအောက်တွင် အသုံးပြုပါ။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ ကြားဆက်ကြိုးကို အသုံးမပြုပါနှင့်။ ထိုသို့မပြုလုပ်လျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။

## တားမြစ်ချက်

ဤအသုံးအနှုန်းသည် စက်ပစ္စည်းကို မှန်ကန်စွာ အသုံးမပြုသည့်အတွက် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် စက်ပစ္စည်း ယိုယွင်းပျက်စီးခြင်း ဖြစ်ပေါ်လာနိုင်သည်ကို သတိပေးတားမြစ်ပါသည်။





- ■ စက်ပစ္စည်းကို အသုံးပြုသည့်အခါ ပါဝါကြိုး ပျက်စီးခြင်းမှ ကာကွယ်ရန် ၎င်းကို လေးလံသောအရာဝတ္ထုပစ္စည်း အောက်တွင် မထားပါနှင့်။ မီးလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်သည်။
- ■ ပါဝါကြိုးကို ရစ်သိမ်းသည့်အခါ ပလတ်ကို ကိုင်ထားပါ။ ထိုသို့မပြုလျှင် ပလတ်နှင့် ရိုက်မိစေနိုင်သည်။

## စက်ပစ္စည်းကို သက်တမ်းကြာမြင့်စွာ အသုံးပြုနိုင်ရန် ဤညွှန်ကြားချက်များကို လိုက်နာပါ။

- ဤစက်ပစ္စည်းသည် အိမ်သုံးအတွက်သာ ဖြစ်သည်။ လုပ်ငန်း၊ စက်ရုံ သို့မဟုတ် အခြားသော သန့်ရှင်းရေး ပြုလုပ်ရန် ရည်ရွယ်ချက်များဖြင့် အသုံးပြုရန် မသင့်လျော်ပါ။
- ပိုက်အစိတ်အပိုင်းများကို ပျက်စီးခြင်းမှ ကာကွယ်ရန် ဂရုတစိုက်ကိုင်တွယ်ပါ။
- အရည်၊ စိုစွတ်သော အမှိုက် သို့မဟုတ် ဖန်ကဲ့သို့ ချွန်ထက်သော အရာများကို စုပ်ယူရန် စက်ပစ္စည်းကို အသုံးမပြုရ။ ယူနစ်ကို ပျက်စီးစေနိုင်သည်။
- တုတ်တံအကွေး၊ လုပ်ငန်းလည်ပတ်မှု လက်ကိုင်၊ ပလတ်စတစ် တုတ်တံ၊ သတ္တုတုတ်တံ၊ ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံ စသည်တို့နှင့် ဖုန်စုပ်ခြင်း မပြုလုပ်ရ။ ထိုသို့ပြုလျှင် အနားစွန်းများ ပျက်စီးပြီး ကျိုးပဲ့သွားနိုင်သည်။
- ပိုက်ဆက်ပေါက်သည် ပိတ်ဆို့နေပါက စက်ပစ္စည်းကို လည်ပတ်ခြင်း မပြုလုပ်ရ။ အပူလွန်ကဲပြီး စက်ယိုယွင်းပျက်စီးခြင်း ဖြစ်စေနိုင်သည်။
- ပိုက်အစိတ်အပိုင်းများ ပျက်စီးခြင်းမှ ကာကွယ်ရန် စက်ပစ္စည်းကို ပင့်မသည့်အခါ လက်ကိုင်ကို အသုံးပြုပါ။ ပိုက်အစိတ်အပိုင်းများ ပျက်စီးသွားနိုင်သဖြင့် ၎င်းကို ဆွဲကိုင်ပြီး စက်ပစ္စည်းကို ပင့်မခြင်း မပြုလုပ်ရ။ သိုလှောင်ထားသည့်အနေအထားတွင် စက်ပစ္စည်းကို သယ်ဆောင်သွားခြင်း မပြုရ။
- မော်တာကို ပျက်စီးခြင်းမှ ကာကွယ်ရန် ဖုန်မှုန့်ဘူးကို သန့်ရှင်းပြီးနောက် ဖုန်စစ်များကို သန့်ရှင်းပေးပါ။
- ဆေးကြောနိုင်သော အစိတ်အပိုင်းများကို တင်ဆင်ပြီး အသုံးမပြုမီ လုံးဝခြောက်သွေ့စေရမည်။ ထိုသို့ ပြုလုပ်ပေးခြင်းသည် မော်တာ သက်တမ်းကို ကြာမြင့်စေပါသည်။

# စက်ပစ္စည်း ဆက်စပ်ပစ္စည်းများ

| ဖော်ပြချက် | | MC-CL609 | MC-CL607 | MC-CL605 | MC-CL603 | MC-CL601 |
|---|---|---|---|---|---|---|
| ပိုက်အစိတ်အပိုင်းများ |  | ၁စုံ | | | | |
| ကြားဆက်ပိုက် |  | ၁ခု | | | | |
| လုပ်ငန်းလည်ပတ်မှုလက်ကိုင် |  | ၁ခု | ၁ခု | ၁ခု | – | – |
| တုတ်တံအကွေး |  | – | – | – | ၁ခု | ၁ခု |
| အက်ကြောင်းနှုတ်သီးအစွပ် |  | ၁ခု | | | | |
| အက်ကြောင်းနှုတ်သီး |  | ၁ခု | | | | |
| ဆန့်နိုင် ကျုံ့နိုင်သော သတ္တုတုတ်တံ |  | ၁ခု | ၁ခု | ၁ခု | – | – |
| သတ္တုတုတ်တံ |  | – | – | – | ၁စုံ | – |
| ပလပ်စတစ်တုတ်တံ |  | – | – | – | – | ၁စုံ |
| အပြည့်စုပ်ယူသည့် နှုတ်သီး |  | ၁ခု | ၁ခု | ၁ခု | – | – |
| ၂ဆင့်ပါ နှုတ်သီး |  | – | – | – | ၁ခု | – |
| ကြမ်းခင်း နှုတ်သီး |  | – | – | – | – | ၁ခု |
| ကွေးဆန့်နိုင်သော ဖုန်ရှင်းစုပ်တံ |  | ၁စုံ | ၁စုံ | ၁စုံ | – | – |
| ခန်းဆီး နှုတ်သီး |  | ၁ခု | ၁ခု | ၁ခု | – | – |
| ဖုန်မှုန့်အာရုံခံပါ မွေ့ရာနှုတ်သီး |  | ၁ခု | – | – | – | – |
| မွေ့ရာနှုတ်သီး |  | – | ၁ခု | – | – | – |
| ဖုန်ရှင်း စုပ်တံ |  | – | – | – | ၁ခု | ၁ခု |
| ဆေးကြောနိုင်သော ဖုန်စစ် |  | ၁ခု | | | | |
| **HEPA** အိပ်ဇော ဖုန်စစ် |  | ၁ခု | ၁ခု | ၁ခု | ၁ခု | – |
| သာမန် အိပ်ဇော ဖုန်စစ် |  | – | – | – | – | ၁ခု |

# အစိတ်အပိုင်းများအား ခွဲခြားဖော်ပြခြင်း







ကော်ဇောနှင့် ကြမ်းခင်းအတွက်
လုပ်ဆောင်ချက် ပြောင်းလဲခြင်း

- ကြမ်းခင်း – မောင်းတံ A ကို နှိပ်ပါ။
- ကော်ဇော – မောင်းတံ B ကို နှိပ်ပါ။



MC-CL609, MC-CL607, MC-CL605

ကွေးဆန့်နိုင်သော ဖုန်ရှင်းစုပ်တံ



MC-CL609, MC-CL607, MC-CL605

ခန်းဆီး နှုတ်သီး



MC-CL609

ဖုန်မှုန့်အာရုံခံပါ မွေ့ရာနှုတ်သီး



MC-CL607

မွေ့ရာနှုတ်သီး




## ပိုက်ဆက်ပေါက်

- တုတ်တံအကွေး၊ လုပ်ငန်းလည်ပတ်မှု လက်ကိုင်နှင့် ကြားဆက်ပိုက်စသည်တို့၏ ပိုက်အစွန်းပိုင်းတစ်ခုစီပေါ်ရှိ အစွန်းသည် ချိတ်ဆက်မှုအပေါက်ထဲတွင် ကလစ်အသံကြားသည်အထိ ပိုက်ထိန်းတွင် ထည့်သွင်းတပ်ဆင်ပါ။



## ကွေးဆန့်နိုင်သော ဖုန်ရှင်းစုပ်တံ

MC-CL609, MC-CL607, MC-CL605



- ကွေးဆန့်နိုင်သော ဖုန်ရှင်းစုပ်တံကို မြင့်သော နေရာများ၊ လေအေးပေးစက်များနှင့် စင်မြင့်ပေါ်စသည်တို့ကို သန့်ရှင်းရန် မတူညီသော နေရာအနေအထားအလိုက် အသုံးပြုနိုင်သည်။



## ဖုန်ရှင်းစုပ်တံ

MC-CL603, MC-CL601




- ဖုန်ရှင်းစုပ်တံကို ပရိဘောဂပစ္စည်းများ၊ နေကာခန်းဆီးများနှင့် စာအုပ်စင်များကို သန့်ရှင်းရန် အသုံးပြုသည်။ အက်ကြောင်းပါ နှုတ်သီးတွင် တပ်ဆင်ရပါမည်။

## အက်ကြောင်းပါ နှုတ်သီး



- ပရိဘောဂပစ္စည်းများ၏ ကြားနေရာများ၊ ဆိုဖာပစ္စည်းများ၏ ထောင့်နေရာများ၊ ကြမ်းခင်းကြားပေါက်နေရာများ စသည်တို့ကို သန့်ရှင်းရန်အတွက်



MC-CL609, MC-CL607, MC-CL605

MC-CL603, MC-CL601

- အက်ကြောင်းပါ နှုတ်သီးကို တိုးဆန့်နိုင်သော တုတ်တံ၊ ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံ သို့မဟုတ် လုပ်ငန်းလည်ပတ်မှု လက်ကိုင်/တုတ်တံအကွေး၏ အစွန်းတွင် တပ်ဆင်ပါ။

## အက်ကြောင်းပါ နှုတ်သီးအစွပ်

1. တုတ်တံအကွေးကို ကိုင်ထားပြီး အက်ကြောင်းပါ နှုတ်သီးအစွပ်ကို နှုတ်သီးမှ ဖယ်ရှားရန် နှုတ်သီးအစွပ်ကို ဆွဲထုတ်ပါ။
2. အက်ကြောင်းပါ နှုတ်သီးကို နှုတ်သီးအစွပ်မှ ဖယ်ရှားရန် တုတ်တံအကွေးကို ကိုင်ထားပြီး နှုတ်သီးကို ဆွဲထုတ်ပါ။



## လုပ်ငန်းလည် ပတ်မှုလက်ကိုင်

ဖုန်စုပ်အားကို လျှော့ချရန်

- ကော်ဇော သို့မဟုတ် ခန်းဆီးပေါ်တွင် လည်ပတ်ရန် စုပ်အား ထိန်းညှိခလုတ်ကို နောက်သို့ တွန်းညှိပါ။




## တုတ်တံအကွေး

ဖုန်စုပ်အားကို လျှော့ချရန်

- စုပ်အားထိန်းညှိခလုတ်ကို လှည့်ပြီး လေဝင်ပေါက်ကို ကျယ်အောင်ချဲ့ပါ။




## အပြည့်စုပ်ယူသည့် နှုတ်သီး / ၂ ဆင့်ပါ နှုတ်သီး / ကြမ်းခင်းနှုတ်သီး




■ သစ်သားကြမ်းခင်း

- ကြမ်းခင်းမျက်နှာပြင်ကို ကုတ်ခြစ်မိခြင်းမှ ရှောင်ရှားရန် သစ်သားအကြောလမ်းကြောင်းအတိုင်း စက်နှုတ်သီးကို ညင်သာစွာ ရွှေ့ပါ။
- ကြမ်းခင်းမျက်နှာပြင်ကို ပျက်စီးခြင်းမှ ကာကွယ်ရန် စက်နှုတ်သီးကို ဘေးတိုက်ရွှေ့ပြီး ဖုန်စုပ်ခြင်း မပြုလုပ်ရ။

■ ကော်ဇော

① စက်နှုတ်သီးကို ကော်ဇောပေါ်တွင် အရှေ့အနောက် လမ်းကြောင်းတစ်ခုတည်းဖြင့် လည်ပတ်ပါ။




② ၉၀ ဒီဂရီ ထောင့်စွန်းမှ အဆင့် ① အတိုင်း ပြန်လုပ်ပါ။

③ ကော်ဇော ထောင့်စွန်းများကို ဖုန်စုပ်ပါ။

**မှတ်ချက်**

- ကော်ဇောအသစ်ကို ဖုန်စုပ်သည့်အခါ ဖုန်မှုန့်ဘူးသည် ကော်ဇောမှ လွတ်ထွက်နေသော အမျှင်စများဖြင့် အမြန်ပြည့်သွားနိုင်သည်။ မကြာခဏ သန့်ရှင်းခြင်းဖြင့် တဖြည်းဖြည်း လျော့နည်းသွားလိမ့်မည်။

## ဖုန်မှုန့်အာရုံခံမီး

MC-CL609

- ကမျဉ်းကောင်နှင့် ဖုန်မှုန့်ကို အာရုံခံမိသည့်အခါ မီးနီလင်းလာမည်။




**မှတ်ချက်**

- ပါဝါခလုတ်ကို အဖွင့်၊ အပိတ်ပြုလုပ်သည့်အခါ ဖုန်မှုန့်အာရုံခံမီးသည် ၂ စက္ကန့်မှ ၃ စက္ကန့်ကြာ မီးလင်းလာလိမ့်မည်။ ဤသည်မှာ စက်ချွတ်ယွင်းပျက်စီးခြင်း မဟုတ်ပေ။
- မွေ့ရာ သို့မဟုတ် စောင်အသစ်ကို ဖုန်စုပ်သည့်အခါ လွတ်ထွက်နေသော အမျှင်စများစွာ ရှိနေနိုင်သည်။ မီးသည် ဆက်လက်လင်းနေလိမ့်မည်။ မကြာခဏ သန့်ရှင်းခြင်းဖြင့် တဖြည်းဖြည်း လျော့နည်းသွားလိမ့်မည်။
- စုပ်အား ဧရိယာကို ပိတ်ဆို့မထားပါနှင့်။ ဖုန်မှုန့် အာရုံခံခြင်းကို ရပ်တန့်သွားစေနိုင်သည်။




## မွေ့ရာ နှုတ်သီး (ဖုန်မှုန့် အာရုံခံကိရိယာ ပါသော၊ မပါသော)

မွေ့ရာနှုတ်သီးသည် မွေ့ရာများနှင့် စောင်များအတွက် သင့်လျော်ပါသည်။

① ပုံတွင် ပြသထားသည့်အတိုင်း မွေ့ရာနှုတ်သီးကို အရှေ့အနောက် ညင်သာစွာ ရွှေ့ပါ။




② အိပ်ရာခင်း သို့မဟုတ် စောင်စသည်ကဲ့သို့သော ပါးလွှာသည့် မွေ့ရာများ၏ ထောင့်စွန်းများကို အိပ်ရာထဲသို့ ခေါက်ထည့်ထားခြင်းဖြင့် လွယ်ကူစွာ ဖုန်စုပ်နိုင်သည်။




**မှတ်ချက်**

- မွေ့ရာနှုတ်သီးကို အသုံးမပြုမီ အက်ကြောင်းပါ နှုတ်သီးကို နှုတ်သီးအစွပ်မှ ဖြုတ်ထားပါ။



**ခန်းဆီး နှုတ်သီး**

MC-CL609, MC-CL607, MC-CL605



- ခန်းဆီးနှုတ်သီးသည် ခန်းဆီးမျက်နှာပြင်ပေါ်တွင် ကပ်ညှိနေသော ဖုန်မှုန့် အမှုန်အမွှားများနှင့် ပင့်ကူအိမ်များကို သန့်ရှင်းရန် သင့်လျော်ပါသည်။

① ခန်းဆီးနှုတ်သီးကို ဆန့်နိုင်ကျုံ့နိုင်သည့် တုတ်တံအစွန်းတွင် တပ်ဆင်ပါ။ ပုံတွင်ပြထားသည့်အတိုင်း လက်နှစ်ဖက်ဖြင့် ခန်းဆီးနှုတ်သီးကို အောက်သို့ လမ်းကြောင်းတစ်ခုတည်းသာ လျှော့ချပါ။




② ခန်းဆီးနှုတ်သီးကို လုပ်ငန်းလည်ပတ်မှု လက်ကိုင်တွင် တပ်ဆင်ပါ။ ပုံတွင်ပြထားသည့်အတိုင်း ခန်းဆီးနှုတ်သီးကို အောက်သို့ လမ်းကြောင်းတစ်ခုတည်းဖြင့် ဖြည်းဖြည်းချင်း လျှော့ချပါ။




**မှတ်ချက်**

- ခန်းဆီးနှုတ်သီးသည် အဝိုင်းပုံ ချုပ်ထားသော ခန်းဆီး သို့မဟုတ် အလှကွပ်ပစ္စည်းများဖြင့် စီခြယ်ထားသော ခန်းဆီးများကို သန့်ရှင်းရန် မသင့်လျော်ပါ။



- ခန်းဆီးနှုတ်သီးကို ညီညာ ပြန့်ပြူးသော မျက်နှာပြင်များပေါ်တွင်သာ ပိုမိုထိရောက်စွာ အသုံးပြုနိုင်သည်။ ထပ်တွန့်နေသော ဧရိယာများအတွက် အက်ကြောင်းပါ နှုတ်သီး သို့မဟုတ် ဖုန်ရှင်းစုတ်တံကို အသုံးပြုပြီး သန့်ရှင်းနိုင်ပါသည်။
- ခန်းဆီး အတွန့်အခေါက်နေရာများ သို့မဟုတ် ကျဉ်းမြောင်းသော နေရာများတွင် ဖုန်မှုန့်များ ကပ်ညှိနေပါက ခန်းဆီးကို လျှော်ဖွတ်ရန် အကြံပြုလိုပါသည်။
- ဖုန်စုပ်ပြီးနောက် ခန်းဆီးနှုတ်သီးကို လုံခြုံစွာ သိမ်းဆည်းထားပါ။
- ဖုန်စုပ်အားသည့် ပြင်းထန်လွန်းနေပါက (အထူးသဖြင့် အိစက်ညက်ညောသော သို့မဟုတ် ပိုးချည် ခန်းဆီး) ဖုန်စုပ်အားကို လျှော့ချရန် ဖုန်စုပ်အား ထိန်းညှိခလုတ်ကို နောက်သို့ တွန်းညှိထားနိုင်ပါသည်။ စာမျက်နှာ ၉ ကို ကိုးကားပါ။)
- ခန်းဆီးပေါ်တွင် ဖုန်မှုန့်များ သို့မဟုတ် အစွန်းအကွက်များ ကပ်ညှိနေလျှင် လျှော်ဖွတ်ပေးပါ။

# စက်ပစ္စည်းကို အသုံးပြုပုံ

① ပလတ်ကို ဆွဲထုတ်ပြီး ပလတ်ပေါက်တွင် ချိတ်ဆက်ပါ။




② စက်ပစ္စည်းကို ဖွင့်ရန် ⏻ ကို နှိပ်ပါ။ ပိတ်ရန် ⏻ ကို နောက်တစ်ကြိမ် နှိပ်ပါ။

③ ပါဝါကို လျှော့ချရန် ချိန်ညှိနိုင်သော ပါဝါခလုတ်ကို "MIN" သို့ လှည့်ပါ။
ပါဝါကို တိုးရန် ချိန်ညှိနိုင်သော ပါဝါခလုတ်ကို "MAX" သို့ လှည့်ပါ။

| မော်ဒယ်အမှတ် MC-CL609, MC-CL607 နှင့် MC-CL605 တွင်သာ ပါဝင်သည်။ |
|---|




④ ဖုန်စုပ်ပြီးနောက် ပလတ်ပေါက်မှ ပလတ်ဖြုတ်ပြီး ကြိုးရစ်သိမ်းခလုတ်ကို နှိပ်ပါ။
- ပလတ်ပျက်စီးမှု မဖြစ်စေရန် ပါဝါကြိုးကို ရစ်သိမ်းသည့်အခါ ပလတ်ကို ကိုင်ထားပါ။



# စက်ပစ္စည်းကို သိမ်းဆည်းပုံ

ထောင့်တွင် သိမ်းဆည်းရန် ယူနစ်ကို ထောင်မတ်ထားပါ။ (သိမ်းဆည်းပုံ ၂ မျိုး)

① ယူနစ်ကို ထောင်မတ်ထားပြီး စက်ပစ္စည်းကိုယ်ထည် အောက်ပိုင်းတွင်ရှိသော ထည့်စရာနေရာတွင် နှုတ်သီးပိုက်ထည့်စရာကို ထည့်သွင်းပါ။

② ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံကို အတိုဆုံးဖြစ်အောင် ချိန်ညှိပါ။

**မှတ်ချက်**

- စက်ပစ္စည်းအောက်မျက်နှာပြင်ရှိ လက်ကိုင်ကို အသုံးပြုပြီး စက်ပစ္စည်းကို ထောင်မတ်ပါ။
- ပိုက်ကို ဆွဲကိုင်ပြီး စက်ပစ္စည်းကို ထောင်မတ်ခြင်း မပြုလုပ်ရ။ (ပိုက်ကို ပျက်စီးစေနိုင်သည်။)
- သိုလှောင်ထားသည့်အနေအထားတွင် စက်ပစ္စည်းကို သယ်ဆောင်သွားခြင်း မပြုရ။




လည်ပတ်ရန် ညွှန်ကြားချက်

# ဖုန်မှုန့်ဘူးကို သန့်ရှင်းရေး ပြုလုပ်ပုံ

**မှတ်ချက်**

- ဖုန်မှုန့်ဘူးသည် ပြည့်နေသည့်အခါ သို့မဟုတ် ဖုန်စုပ်အား လျော့နည်းလာသည့်အခါ ဘူးကို ရှင်းပေးပါ။
- ဖုန်မှုန့်ဘူးကို သန့်ရှင်းခြင်း မပြုလုပ်မီ ပါဝါထောက်ပံ့မှုကို ပိတ်ပြီး ပလတ်ပေါက်မှ ပလတ်ဖြုတ်ထားပါ။

## ဖုန်မှုန့်ဘူးကို ဖယ်ရှားခြင်း

ကိုယ်ထည်ကို ကိုင်ထားပြီး ဖုန်မှုန့်ဘူးကို ဖယ်ထုတ်ပါ။




## ဖုန်မှုန့်များ ဖယ်ရှားခြင်း

① • ပလတ်စတစ်အိတ် သို့မဟုတ် အလားတူ ပစ္စည်းကို ရှာပါ။
• ဖုန်မှုန့်များကို ဖယ်ရှားရန် ဖုန်မှုန့်ဘူးကို ဖွင့်ပါ။



# ဖုန်မှုန့်များ ဖယ်ရှားခြင်း

② အပေါ်ဖုန်စစ်ယူနစ် သို့မဟုတ် အပြင်ဖုန်စစ်ကို ဖယ်ရှားခြင်းနှင့် သန့်ရှင်းခြင်း။

- အပေါ်ဖုန်စစ်ယူနစ် သို့မဟုတ် အပြင်ဖုန်စစ်ကို လက်ယာရစ်လှည့်ပြီး အပြင်သို့ ဆွဲထုတ်ပါ။
- ဖုန်မှုန့်ဘူးရှိ ဖုန်မှုန့်များကို ဖယ်ရှားပါ။ (အပေါ်ဖုန်စစ်ယူနစ် သို့မဟုတ် အပြင်ဖုန်စစ်)
- အပေါ်ဖုန်စစ်ယူနစ် သို့မဟုတ် အပြင်ဖုန်စစ် အတွင်းရှိ ဖုန်မှုန့်များကို သန့်ရှင်းရန် သွားပွတ်တံအဟောင်း သို့မဟုတ် အလားတူ ပစ္စည်းကို အသုံးပြုပါ။

  * သွားပွတ်တံကို ထောက်ပံ့ပေးထားမည် မဟုတ်ပါ။



အပေါ်ဖုန်စစ်ယူနစ် သို့မဟုတ် အပြင်ဖုန်စစ်ကို ဆွဲထုတ်ရန် မြှားကို ချိန်ညှိယူပါ။







③ ပိုက်ဆက်ပေါက်ကို သန့်ရှင်းခြင်း

- ပိုက်ဆက်ပေါက်အတွင်းရှိ ဖုန်မှုန့်များကို သန့်ရှင်းရန် သွားပွတ်တံအဟောင်း သို့မဟုတ် အလားတူပစ္စည်းကို အသုံးပြုပါ။

  * သွားပွတ်တံကို ထောက်ပံ့ပေးထားမည် မဟုတ်ပါ။



④ ဖုန်မှုန့်များ ဖယ်ရှားခြင်း

- ဆေးကြောနိုင်သော ဖုန်စစ်နှင့် ရေမြှုပ်ဖုန်စစ်မှ ဖုန်မှုန့်များကို ဖယ်ရှားပါ။



# ဖုန်မှုန့်များ ဖယ်ရှားခြင်း

⑤ အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်နှင့် ဖုန်စစ်အစိတ်အပိုင်းများ

- အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်ကို ဖုန်မှုန့်ဘူး (အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်ဧရိယာ) ထဲသို့ ထည့်ပြီး အသံတစ်ချက်ကြားသည်အထိ လက်ဝဲရစ်လှည့်ပါ။
- ချိတ်ကို ဖုန်မှုန့်ဘူး အောက်မျက်နှာပြင်ရှိ အံပေါက်ထဲသို့ ထည့်သွင်းပြီး အသေအချာ ပိတ်ပါ။






⑥ ဖုန်မှုန့်ဘူး မျက်နှာပြင်ကို သန့်ရှင်းခြင်း

- နူးညံ့စိုစွတ်သော အဝတ်ကို အသုံးပြုပြီး ဖုန်မှုန့်ဘူး မျက်နှာပြင်ကို သန့်ရှင်းပေးပါ။



⑦ ဖုန်မှုန့်ဘူးကို ပြန်လည်တပ်ဆင်ခြင်း

- ဖုန်မှုန့်ဘူးကို ပြန်လည်တင်ဆင်ခြင်း မပြုမီ ပိတ်ထားသည်ကို သေချာစစ်ပါ။
- ဖုန်မှုန့်ဘူးကို အသံတစ်ချက်ကြားသည်အထိ စက်ပစ္စည်း၏ မူလနေရာတွင် ပြန်လည်တပ်ဆင်ပါ။



**မှတ်ချက်**

- ဖုန်မှုန့်များကို ဖယ်ရှားပြီးသည့်တိုင် ဖုန်စုပ်အားသည် အားနည်းနေလျှင် ဖုန်မှုန့်ဘူးကို ဆေးကြောရန် အကြံပြုလိုပါသည်။ (စာမျက်နှာ ၁၈ ကို ကိုးကားပါ။)

# ပြုပြင်ထိန်းသိမ်းခြင်း

■ ပြုပြင်ထိန်းသိမ်းခြင်း မပြုလုပ်မီ ပါဝါထောက်ပံ့မှုကို ပိတ်ပြီး ပလတ်ပေါက်မှ ပလတ်ဖြုတ်ပါ။

**အပြည့်စုပ်ယူသည့် နှုတ်သီး / ၂ ဆင့်ပါ နှုတ်သီး / ကြမ်းခင်းနှုတ်သီး (တစ်လ တစ်ကြိမ် စစ်ဆေးပါ။)**

① နှုတ်သီးတွင် စုပုံကပ်ညှိလာသော အမျှင်စနှင့် ဆံခြည်မျှင်များသည် စက်ပစ္စည်း၏ ဖုန်စုပ်အားကို လျော့နည်းစေသည်။

② သွားပွတ်တံအဟောင်း သို့မဟုတ် အလားတူပစ္စည်းကို အသုံးပြုပြီး စုပ်တံ၊ တလိမ့်တုံး စသည်တို့မှ ဖုန်မှုန့်များ သို့မဟုတ် ချည်မျှင်စတို့ကို သန့်ရှင်းပေးပါ။ တလိမ့်တုံး ရိုးတံတွင် ရစ်ပတ်ထွေးရှုပ်နေသည့် ကော်ဇော အမွေးပြင်နှင့် ချည်စတို့ကို ကတ်ကြေးဖြင့် ညှပ်ဖြတ်ပစ်ပါ။
* သွားပွတ်တံနှင့် ကတ်ကြေးတို့ကို ထောက်ပံ့မပေးထားပါ။



**အဓိက ယူနစ်နှင့် ဆက်စပ်ပစ္စည်းများ**

• နူးညံ့စိုစွတ်သည့် အဝတ်ဖြင့် သုတ်ပါ။



**မှတ်ချက်**

• ယူနစ်ကို ဗင်ဆေးရည်၊ သုတ်ဆေး၊ သင်နာ သို့မဟုတ် အရက်စသည့် ဓာတုပစ္စည်းများ အသုံးပြုပြီး သန့်ရှင်းခြင်း မပြုလုပ်ရ။ အက်ကွဲခြင်းနှင့် အရောင်ပျက်ခြင်းကို ဖြစ်စေနိုင်သည်။

• ယူနစ်ကို (ဆံပင်မှုတ်စက် စသည်မှ) လေပူဖြင့် ခြောက်သွေ့အောင် မပြုလုပ်ရ။ စက်ပုံပန်းပျက်စီးခြင်းကို ဖြစ်စေနိုင်သည်။

**ဖုန်မှုန့်ဘူးနှင့် ဖုန်စစ်များ**

① ဖုန်မှုန့်ဘူးကို ဖယ်ရှားပါ။ (အသေးစိတ်အချက်အလက်များအတွက် စာမျက်နှာ ၁၃ ကို ကိုးကားပါ။)

② ယူနစ်မှ ဖုန်စစ်၊ ဖုန်မှုန့်ဘူးမှ အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်၊ ရေမြှုပ်ဖုန်စစ်နှင့် ဆေးကြောနိုင်သော ဖုန်စစ် စသည်တို့ကို ဖယ်ရှားပါ။
(အသေးစိတ်အချက်အလက်များအတွက် စာမျက်နှာ ၁၃ – ၁၄ ကို ကိုးကားပါ။)




③ အထက်ပါ အစိတ်အပိုင်းများကို ရေပိုက်မှ ဖွင့်ထားသောရေဖြင့်သာ ဆေးကြောပါ။ ဖုန်မှုန့်ဘူး၊ အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်နှင့် လျှောတံထောက်တို့ကို သန့်ရှင်းနူးညံ့သော အဝတ်ဖြင့် သုတ်ပါ။ ဖုန်စစ်နှင့် ရေမြှုပ်ဖုန်စစ်တို့ကို သန့်ရှင်းသွားသည်အထိ ဖျစ်ညှစ်ပေးပါ။ အစိတ်အပိုင်းများအားလုံး လုံးဝခြောက်သွေ့သွားသည်အထိ အရိပ်အောက်တွင် ထားပါ။



④ ဖုန်စစ်၊ ဖုန်မှုန့်ဘူး၊ အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်၊ ရေမြှုပ်ဖုန်စစ်၊ ဆေးကြောနိုင်သော ဖုန်စစ်နှင့် လျှောတံထောက်တို့ကို မူလနေရာတွင် ပြန်လည်တပ်ဆင်ပါ။ (စာမျက်နှာ ၁၆ ကို ကိုးကားပါ။)

**မှတ်ချက်**

- ဖုန်စစ်များကို ပန်းကန်ဆေးစက်တွင် ဆေးကြောခြင်း၊ တင်းကြပ်စွာ ဖျစ်ညှစ်ခြင်း၊ အဝတ်ခြောက်စက် သို့မဟုတ် နေရောင်ခြည်အောက်တွင် အခြောက်ခံခြင်း မပြုလုပ်ရ။ ဖုန်စစ်များ ကျုံ့သွားပြီး မော်တာထဲသို့ဖုန်မှုန့်များဝင်ကာ ပျက်စီးခြင်းကို ဖြစ်စေနိုင်သည်။
- ဆေးကြောနိုင်သော ဖုန်စစ်ကို လက်ဖြင့် သို့မဟုတ် စုတ်တံ စသည်ကဲ့သို့သော ကိရိယာအသုံးပြုပြီး ဆေးကြောခြင်း မပြုလုပ်ရ။
- မော်တာအိမ်ထဲသို့ ဖုန်မှုန့်များ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် ဖုန်စစ်များကို မှန်ကန်စွာ တပ်ဆင်ပါ။

## ဖုန်မှုန့် အာရုံခံပါ မွေ့ရာနှုတ်သီး

MC-CL609

◌ ဖုန်မှုန့် အမှုန်အမွှားများကို စုပ်ယူသည့် ဇရိယာများ



• စုတ်တံနှင့် တလိမ့်တုံး ဇရိယာတွင် ရှုပ်ထွေးရစ်ပတ်နေသော ဆံပင် သို့မဟုတ် ဖုန်မှုန့်အမှုန်အမွှားများကို ဖယ်ရှားပါ။ တလိမ့်တုံးကို နူးညံ့ခြောက်သွေ့သော အဝတ်ဖြင့် သုတ်ပါ။

စုတ်တံ၏ ဤအစိတ်အပိုင်းကို အပေါ်သို့ ဆွဲထုတ်ပါ။



**မှတ်ချက်**

• ဖုန်မှုန့် အာရုံခံပါ မွေ့ရာနှုတ်သီးကို ရေဖြင့် ဆေးကြောခြင်း မပြုလုပ်ရ။

• တပ်ဆင်ခြင်းပြုလုပ်ရန်အတွက် စုတ်တံထောက်ကို အသံတစ်ချက်ကြားသည်အထိ အသေအချာ တွန်းပါ။

---

### ဖုန်စုပ်ဇရိယာ

• ဖုန်စုပ်ဇရိယာတွင် ရှိသော ဖုန်မှုန့်များကို ဖယ်ရှားပါ။

* သွားပွတ်တံကို ထောက်ပံ့ပေးထားမည် မဟုတ်ပါ။




### အာရုံခံကိရိယာ

• ပုံတွင် ပြထားသည့်အတိုင်း နူးညံ့ခြောက်သွေ့သော အဝတ်ဖြင့် အရှေ့ပေါက်မှ အညစ်အကြေးနှင့် ဖုန်မှုန့် အမှုန်အမွှားများကို သန့်ရှင်းပေးပါ။




## မွေ့ရာနှုတ်သီး

MC-CL607

◌ ဖုန်မှုန့်နှင့် အမှုန်အမွှားများကို စုပ်ယူသည့် ဇရိယာ



• မွေ့ရာနှုတ်သီးကို သန့်ရှင်းရန် နှုတ်သီးအကွေးကို အသုံးပြုပါ။





## ခန်းဆီး နှုတ်သီး

MC-CL609, MC-CL607, MC-CL605

• ခန်းဆီးနှုတ်သီးကို ရေဖြင့် ဆေးကြောပြီး လုံးဝ ခြောက်သွေ့သွားသည်အထိ အခြောက်ခံထားပါ။



**မှတ်ချက်**

• ခန်းဆီးနှုတ်သီး အစိတ်အပိုင်းများကို ဖြုတ်ခြင်း မပြုလုပ်ရ။

### ကြိုတင်ကာကွယ်ခြင်း

- စက်ပစ္စည်းဖြင့် အရည် သို့မဟုတ် စိုစွတ်သော အညစ်အကြေးများကို စုပ်ယူခြင်း မပြုလုပ်ရ။




## ဖုန်စစ်ကို ဂရုတစိုက်ထိန်းသိမ်းခြင်း

HEPA အိတ်ဇောဖုန်စစ် သို့မဟုတ် သာမန် အိတ်ဇောဖုန်စစ်ကို စက်ပစ္စည်း၏ အနောက်ဘက်တွင် တပ်ဆင်ပါ။ ဤဖုန်စစ်သည် မှုတ်ထုတ်လိုက်သည့် လေထုထဲတွင် ရှိနေနိုင်သော ဖုန်မှုန့် အမှုန်အမွှားများကို ထိန်းသိမ်းထားနိုင်သည်။ HEPA အိတ်ဇောဖုန်စစ် သို့မဟုတ် သာမန် အိတ်ဇောဖုန်စစ်ကို တစ်နှစ်တစ်ကြိမ် လဲလှယ်ပေးရန် အကြံပြုလိုပါသည်။ HEPA အိတ်ဇောဖုန်စစ် သို့မဟုတ် သာမန် အိတ်ဇောဖုန်စစ်ကို ပျက်စီးစေခြင်းမှ ရှောင်ရှားရန် ဆေးကြောခြင်း မပြုလုပ်ရ။ HEPA အိတ်ဇော ဖုန်စစ် သို့မဟုတ် သာမန် အိတ်ဇောဖုန်စစ်ကို ဖယ်ရှားရန် ဖုန်စစ်ဘူးကို ကိုင်ထားပြီး ၎င်းကို ဆွဲထုတ်ပါ။

①




②



အသံတစ်ချက်ကြားသည်အထိ ဖုန်စစ်ဘူးကို ပိတ်ပါ။

# ဝန်ဆောင်မှုကို ခေါ်ယူခြင်း မပြုမီ

## ⚠ သတိပေးချက်

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း ဘေးအန္တရာယ်**

**စက်ပစ္စည်းကို ပြုပြင်ခြင်း သို့မဟုတ် သန့်ရှင်းခြင်း မပြုလုပ်မီ လျှပ်စစ်ထောက်ပံ့မှုကို ဖြတ်တောက်ထားပါ။ ထိုသို့ပြုလုပ်ရန် ပျက်ကွက်ပါက ရုတ်တရက် စက်လည်ပတ်ခြင်းမှ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် လူကို ထိခိုက်ဒဏ်ရာရစေခြင်း ဖြစ်စေနိုင်သည်။**

အသေးစား လည်ပတ်မှုပြဿနာများကို ကိုယ်တိုင်အဖြေရှာ ဖြေရှင်းနိုင်ရန် ဤဇယားကို ကြည့်ပါ။ ဤလည်ပတ်မှု ညွှန်ကြားချက်များတွင် ဖော်ပြထားသည့် အချက်များမှအပ အခြားဝန်ဆောင်မှုများ လိုအပ်ပါက တရားဝင် ဝန်ဆောင်မှု ကိုယ်စားလှယ်မှ စစ်ဆေးပြုပြင်ပေးခြင်း ပြုလုပ်သင့်ပါသည်။

| ပြဿနာ | ဖြစ်နိုင်ဖွယ် အကြောင်းအရင်း | ဖြစ်နိုင်ဖွယ် ဖြေရှင်းချက် |
|---|---|---|
| **စက်ပစ္စည်းသည် လည်ပတ်မှု မရှိပါ။** | ၁။ ပလတ်ပေါက်မှ ပလတ်ဖြုတ်ထားသည်။ | ၁။ ပလတ်ကို အသေအချာတပ်ဆင်ပြီး စက်ပစ္စည်းကို ဖွင့်ပါ။ |
| **ဖုန်မှုန့်များကို ကောင်းစွာ မစုပ်ယူပါ။** | ၁။ ဖုန်မှုန့်ဘူးသည် ပြည့်နေသည် သို့မဟုတ် ပိတ်ဆို့နေသည်။<br>၂။ နှုတ်သီး သို့မဟုတ် တုတ်တံအကွေး / လုပ်ငန်းလည်ပတ်မှု လက်ကိုင် သို့မဟုတ် ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံ / သတ္တုတုတ်တံ / ပလတ်စတစ်တုတ်တံ သို့မဟုတ် ပိုက် စသည်တို့ ပိတ်ဆို့နေသည်။<br>၃။ ပိုက်ကို အဆုံးထိ ထည့်သွင်းတပ်ဆင် မထားပါ။<br>၄။ ဖုန်စစ် သို့မဟုတ် အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်သည် ညစ်ပေပိတ်ဆို့နေသည်။ | ၁။ ဖုန်မှုန့်ဘူးကို ရှင်းထုတ်ပစ်ပါ။<br>၂။ ပိတ်ဆို့မှုများကို စစ်ဆေးပြီး သန့်ရှင်းပေးပါ။<br>၃။ ပိုက်ဆက်များကို စစ်ဆေးပါ။<br>၄။ ဖုန်စစ်များ သို့မဟုတ် အပေါ်ဖုန်စစ်ယူနစ် / အပြင်ဖုန်စစ်ကို သန့်ရှင်းပေးပါ။ |

| | | |
|---|---|---|
| **စက်လည်ပတ်နေစဉ် ရပ်တန့်သွားသည်။** | ၁။ဖုန်မှုန့်ဘူးသည် ပြည့်နေသည်၊ ပိတ်ဆို့နေသည်။<br><br>၂။နှုတ်သီး သို့မဟုတ် တုတ်တံအကွေး / လုပ်ငန်းလည်ပတ်မှု လက်ကိုင် သို့မဟုတ် ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံ / သတ္တုတုတ်တံ / ပလတ်စတစ်တုတ်တံ သို့မဟုတ် ပိုက် စသည်တို့ ပိတ်ဆို့နေသည်။<br><br>၃။လုံခြုံရေး ကိရိယာသည် ရပ်တန့်နေသည်။ | ၁။ဖုန်မှုန့်ဘူးကို ရှင်းထုတ်ပစ်ပါ။<br><br>၂။ပိတ်ဆို့မှုများကို စစ်ဆေးပြီး သန့်ရှင်းပေးပါ။<br><br>၃။စက်ပစ္စည်းကို ပလတ်ဖြုတ်ပြီး အေးမြအောင်ထားပါ။ လုံခြုံရေး ကိရိယာသည် အလိုအလျောက် ပြန်လည်စတင်လိမ့်မည်။ (မိနစ် ၆၀ ခန့် စောင့်ပါ။) |
| **ပါဝါကြိုးကို အဆုံးထိ ပြန်လည်ရစ်သိမ်း၍ မရပါ။** | ၁။ ပါဝါကြိုးကို မညီမညာ ပြန်ရစ်သိမ်းသည်။<br><br>၂။ ပါဝါကြိုးသည် လိမ်နေသည်။ | ၁။ ပါဝါကြိုးကို ၂ မီတာ သို့မဟုတ် ၃ မီတာခန့် ဆွဲထုတ်ပြီး ပြန်လည်ရစ်ထည့်ပါ။<br><br>၂။ ပါဝါကြိုး ရစ်သိမ်းခလုတ်ကို နှိပ်ထားပြီး အဆက်မပြတ် ဆွဲထုတ်ကာ ပြန်လည်ရစ်ထည့်ပါ။ (ပါဝါကြိုးကို အားပြင်းပြင်းနှင့် ဆွဲထုတ်ခြင်း မပြုလုပ်ရ။) |
| **ဖုန်မှုန့်အာရုံခံမီးသည် ဖုန်စုပ်ခြင်း မပြုလုပ်သည့်တိုင် မီးလင်းနေသည်။ (မီးပိတ်သွားခြင်း မရှိ)** | ၁။အာရုံခံဧရိယာတွင် ဖုန်မှုန့်များ ကပ်ညှိနေသည်။<br><br>၂။ဖုန်မှုန့်ဘူးသည် ပြည့်နေသည်၊ ပိတ်ဆို့နေသည်။<br><br>၃။စုတ်တံတွင် ဆံချည်မျှင်များ ကပ်ညှိနေသည်။ | ၁။ အာရုံခံဧရိယာကို သန့်ရှင်းပေးပါ။<br><br>၂။ ဖုန်မှုန့်ဘူးကို ရှင်းထုတ်ပစ်ပါ။<br><br>၃။ ရှုပ်ထွေးရစ်ပတ်နေသော ဆံချည်မျှင်များကို ဖယ်ရှားပါ။ |

| | |
|---|---|
| စစ်ဆေးပြီးနောက် ပြဿနာသည် ဆက်လက် ဖြစ်ပေါ်နေလျှင် | စက်ပစ္စည်းကို ဝယ်ယူခဲ့သည့် အရောင်းဆိုင်သို့ (ပိုက်၊ ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံ / သတ္တုတုတ်တံ၊ ပလတ်စတစ်တုတ်တံ၊ အပြည့်စုပ်ယူသည့် နှုတ်သီး / ၂ ဆင့်ပါ နှုတ်သီး / ကြမ်းခင်းနှုတ်သီးနှင့် မွေ့ရာနှုတ်သီး / ဖုန်မှုန့်အာရုံခံပါ မွေ့ရာနှုတ်သီး စသည်တို့နှင့်တကွ) ပြန်လည်ပေးပို့ပါ။ သို့မဟုတ် တရားဝင်ဝန်ဆောင်မှုစင်တာနှင့် တိုင်ပင်ဆွေးနွေးပါ။ ကိုယ်တိုင် ပြုပြင်ခြင်း မပြုလုပ်ရ။ |

**မှတ်ချက်**

■ စက်လည်ပတ်နေစဉ် ကိုယ်ထည်ယူနစ်၊ ပါဝါကြိုးနှင့် ပလတ်တို့၏ အပူချိန်သည် အတိုင်းအတာတစ်ခုအထိ တိုးလာနိုင်သည်။ ၎င်းသည် ပုံမှန်ဖြစ်စဉ် ဖြစ်ပါသည်။

## လုံခြုံရေး ကိရိယာ

### လုံခြုံရေးကိရိယာသည် အသက်ဝင်လာသည့်အခါ

အောက်ပါ အခြေအနေများတွင် လုံခြုံရေးကိရိယာသည် အသက်ဝင်လာပြီး အပူလွန်ကဲခြင်းမှ ကာကွယ်ရန် မော်တာကို ရပ်တန့်စေသည်။

- ဖုန်မှုန့်ဘူးသည် ပြည့်နေပြီး စက်ပစ္စည်းသည် ဆက်လက်လည်ပတ်နေသည်။
- အမှိုက်များသည် နှုတ်သီး၊ တုတ်တံအကွေး / လုပ်ငန်းလည်ပတ်မှု လက်ကိုင်၊ ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံ / သတ္တုတုတ်တံ၊ ပလတ်စတစ်တုတ်တံ သို့မဟုတ် ပိုက် စသည်တို့တွင် ပိတ်ဆို့နေသည်။
- ပိတ်ဆို့ နေသော အိတ်ဖော့ဖြင့် စက်ပစ္စည်းကို အချိန်ကြာမြင့်စွာ လည်ပတ်သည်။

### ပြုလုပ်ပေးရန်

ဖုန်မှုန့်ဘူးကို ရှင်းထုတ်ပေးပြီး နှုတ်သီး၊ တုတ်တံအကွေး / လုပ်ငန်းလည်ပတ်မှု လက်ကိုင်၊ ဆန့်နိုင်ကျုံ့နိုင်သော သတ္တုတုတ်တံ / သတ္တုတုတ်တံ၊ ပလတ်စတစ်တုတ်တံ သို့မဟုတ် ပိုက် စသည်တို့တွင် ပိတ်ဆို့နေသော အမှိုက်များကို ဖယ်ရှားပေးပါ။

### နောက်တစ်ကြိမ် ပြန်လည်အသုံးပြုရန်

(ပတ်ဝန်းကျင် အပူချိန်ပေါ် မူတည်ပြီး) မိနစ် ၆၀ ခန့် စောင့်ပါ။ လုံခြုံရေး ကိရိယာသည် ပြန်လည်စတင်ပြီး စက်ပစ္စည်းကို ပြန်လည်အသုံးပြုနိုင်ပါသည်။

# အသေးစိတ်အချက်အလက်များ

| မော်ဒယ်အမှတ် | MC-CL609 | MC-CL607 | MC-CL605 | MC-CL603 | MC-CL601 |
|---|---|---|---|---|---|
| ပါဝါထောက်ပံ့မှု | 220 - 240 V ～ 50 - 60 Hz | | | | |
| ပါဝါဖြည့်သွင်းမှု (အများဆုံး) | 2200 W | 2100 W | 2000 W | 1800 W | 1600 W |
| ပါဝါဖြည့်သွင်းမှု **(IEC)** | 1500 - 1800 W | | | 1400 - 1600 W | 1200 - 1450 W |
| အလိုအလျောက် ပါဝါကြိုးရစ်သိမ်းခြင်း | YES | | | | |
| ဖုန်မှုန့်ဝင်ဆံ့သော ပမာဏ | 2.2 L | | | | |
| ပါဝါကြိုးအရှည် | 5.0 m | | | | |
| အသားတင်အလေးချိန် (ခန့်မှန်းခြေ) | 5.6 kg | 5.6 kg | 5.6 kg | 5.3 kg | 5.2 kg |
| အတိုင်းအတာ **(H x W x L)** (ခန့်မှန်းခြေ) | 268 mm x 283 mm x 450 mm | | | | |

© Panasonic Corporation 2022